# လူ့အခွင့်အရေးမှတ်တမ်းတွန်ရက် (မြန်မာနိုင်ငံ)

Network for Human Rights Documentation - Burma
ND - Burma

ဇူလိုင်လ (၂၆) ရက် ၂၀၁၉

Briefing Paper


# ယုံကြည်မှုတည်ဆောက်ခြင်းကို ထိပါးလာခြင်း – တပ်မတော်မှ အပစ်အခတ် ရပ်စဲရေး ကြေငြာထားသည့် ဒေသများရှိ လူ့အခွင့်အရေးအခြေအနေ (၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ)

## အကျဉ်းချုပ်

ကချင်နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင် တိုက်ပွဲများပြင်းထန်နေစဉ်မှာပင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် မြန်မာ့တပ်မတော်ကမြန်မာပြည်မြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းတွင်လေးလတာတဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကြေညာခဲ့သည်။ မြန်မာ့တပ်မတော်၏အပစ်အခတ်ရပ်စဲရေးကြေငြာချက်ကိုတိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ (EAOs) က သတိဖြင့်ကြိုဆိုခဲ့ ကြပြီး အပြုသဘောဆောင်သည့် ပြုမူဟန်အဖြစ်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး စောင့်ကြည့်လေ့လာသူများက လည်း ကြိုဆိုခဲ့ကြသည်။

တင်းမာနေသည့် မရေရာမှုကာလတခုကိုကျော်လွန်ပြီးသည့် ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် မြောက်ပိုင်းမဟာ မိတ်အဖွဲ့ဝင်များဖြစ်သည့်ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)တို့ အခြေစိုက်ရာ ပဋိပက္ခဒေသများ ပါဝင်သည့် စစ်တိုင်းဒေသ ၅ ခုတွင် အပစ်ခတ်ရပ်စဲရေးကို နောက်ထပ် ၂ လ တိုးချဲ့လိုက်ခြင်းဖြစ်သည်။

ယခုလို အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းခဲ့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်တပ်စခန်းသစ်များ တိုးချဲ့နေခဲ့သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။ တပ်မတော်မှ EAOs တပ်စခန်းများအား စိတ်ထင်တိုင်း ပစ်ခတ်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ် တိုက်ခိုက်ခြင်းနှင့် လေကြောင်းမှ ပုံးကြဲတိုက်ခိုက်ခြင်းတို့ကြောင့် အပစ်အခတ်ရပ်စဲရေး ပထမလေးလကာလနှင့် ထပ်မံတိုးချဲ့သည့် ကာလများအတွင်း အရပ်သားသေဆုံး၊ ဒဏ်ရာရမှု၊ ထွက်ပြေးတိမ်းရှောင်ရမှုများနှင့် မြန်မာစစ်တပ်၏ စစ်အင်အားတိုးချဲ့မှုကို ပိုမိုခံကြရသည်။

ရှမ်းနှင့်ကချင်ပြည်နယ်များတွင် မြန်မာ့တပ်မတော်၏ ဆက်လက်ထိုးစစ်ဆင်နေမှုများနှင့် ရခိုင်နှင့်ချင်းပြည်နယ်များ တွင် ပြင်းထန်သောတိုက်ပွဲများဖြစ်နေလင့်ကစား ၎င်းတို့၏ စတုတ္ထအဖွဲ့ဝင်ဖြစ်သော ရခိုင့်တပ်မတော် (AA) အားပါဝင်စေရန်မြောက်ပိုင်းမဟာမိတ်အဖွဲ့က တိုက်တွန်းနေသော်လည်း ၎င်းတို့ကို အပစ်ခတ်ရပ်စဲရေးမှ ဖယ်ချန်ထားခြင်းသည် အပစ်ခတ်ရပ်စဲရေး အကောင်

အထည်ဖေါ်ခြင်းကို ရပ်ပျက်စေပြီး မသေချာမရေရာဖြစ်နေ သည့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အားဖြည့် အသက်ဝင်စေမည့် မည်သည့် အစီပွါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုကို မဆို ထိခိုက်စေပါသည်။

## မြန်မာ့တပ်မတော် – ဆက်လက်ကျူးလွန်နေမှုများနှင့် စစ်အင်အားတည်ဆောက်ခြင်း

မြန်မာ့တပ်မတော်မှ အပစ်အခတ်ရပ်စဲရေးကြေငြာထားသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပုံမှန်အားဖြင့် တိုက်ပွဲများဖြစ်ပွားပြီးအထူးသဖြင့်ရွာသားများနေထိုင်သည့်အနီးတွင်ဖြစ်သည်။မြန်မာ့တပ်တော်နှင့်ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSPP/ SSA) တပ်များသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် တိုက်ပွဲများဖြစ်ပွားကြပြီး (နောက်ဆက်တွဲ ၁ ကိုကြည့်ပါ) အကျိုးဆက်အနေဖြင့် တရားလက်လွတ်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်း၊ ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ မြေမြှုပ်မိုင်းကြောင့် ထိခိုက်မှုနှင့် တပ်မတော်မှ အရပ်သားများနေထိုင်ရာသို့ လေကြောင်းမှပုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းတို့အပါအဝင် အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ကြသည်ကို ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။



*မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦး မန်းပန် ရွာ၊ ရှမ်းပြည်နယ်။ ဓါတ်ပုံ (TWO)*

ND-Burma အဖွဲ့ဝင်များ၏ မှတ်တမ်းတင်မှုများအရ ဖေဖော်ဝါရီလတွင် SSPP/SSA နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (RCSS/SSA) တို့တိုက်ပွဲဖြစ်ပွားပြီးနောက် ရှမ်းပြည်ရှိ ကျေးရွာသုံးရွာမှ ရွာသား ၇၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ရွာသားများမှာ လုံခြုံစိတ်ချစွာဖြင့် မည်သည့်အချိန်တွင် နေရပ် ရင်းသို့ ပြန်ရန် မသေခြာမရေရာဖြစ်နေသည်။[1] ဖေဖော်ဝါရီလ နှောင်းပိုင်းတွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ ၁၇ နှစ်အရွယ် တအာင်းလူငယ်တဦးကို TNLA ဟု သံသယဖြစ်ပြီး မြန်မာ့တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့သည်။[2] ND-Burma အဖွဲ့ဝင် တအာင်းအမျိုးသမီး အဖွဲ့အစည်း(TWO) ၏ မှတ်တမ်းတင်ထားမှုအရ ခမရ (၄၁၆) မှ စစ်ဗိုလ်တဦးက ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်ရှိ ရွာသားတဦးအား လက်လွတ်စပယ် ဖမ်းဆီးရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာရရှိသွားသည် ။[3]

1. TWO, Human Rights Bulletin, 22 February 2019.
2. See, "Ta'ang Teen Shot Dead by Military in Shan State, Rights Group Says," The Irrawaddy, 21 February 2019.
3. TWO, Human Rights Bulletin, 21 February 2019.



*မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦး မန်းပန် ရွာ၊ ရှမ်းပြည်နယ်။ ဓါတ်ပုံ (TWO)*

တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည့် ၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလတွင် အဆိုပါဒေသရှိ ရွာသားများမှာ တိုက်ပွဲဒဏ်ကို ခံကြရသည်။ မတ်လတွင် SSPP/SSA စခန်းအား မြန်မာ့တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက် သဖြင့် ရွာသား ၅၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ကြရပြီး[၄] မြန်မာ့တပ်မတော်နှင့် SSPP/SSA နှင့် TNLA ပူးပေါင်းတပ်များဖြင့် ရှမ်းပြည်နယ် နမ္မတူမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် အခြားရွာသား ၂၀၀ မှာလည်းဘေးလွတ်ရာလို့ထွက်ပြေးတိမ်းရှောင်နေရသည်။[၅] ဧပြီလနောက်ဆုံးပတ်တွင် မြန်မာ့တပ်မတော်နှင့် KIA, TNLA တို့နှင့်လည်း ရှမ်းပြည်မြောက်ပိုင်း မူဆယ်နှင့် နမ္မတူမြို့နယ်များတွင် တိုက်ပွဲများဆက်တိုက် ဖြစ်ပွားခဲ့သည်။[၆]

အစီရင်ခံသည့်ကာလအတွင်း ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားမှုများအရ တိုက်ပွဲများကြားပိတ်မိခြင်း (သို့မဟုတ်) မြန်မာ့တပ်မတော်မှ လေကြောင်းမှပုံးကြဲခြင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း (သို့) မြေမြှုပ်မိုင်းများကြောင့် အရပ်သားများ ထိခိုက်၊ သေဆုံးမှုများရှိခဲ့သည်။[၇]

ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ကချင်ပြည်နယ်ရှိ စစ်ရှောင်စခန်းမှ စစ်ပြေးဒုက္ခသည် တဦးသည် တခြားအဖော် ၄ ယောက်နှင့်အတူ တောထဲတွင် ကြိမ်သွားဆွဲရင်း မိုင်းနင်းမိသဖြင့် ပြင်းထန်စွာ ဒဏ် ရာရသွားသည်။

*"အဖော်တွေက ကျနော့်ကို အိမ်အရောက်သယ်လာခဲ့တယ်....။ နောက်တနေ့မှာတော့ ကျနော့် ဘယ်ဘက်ခြေထောက်ကို ဖြတ်လိုက်ရတယ်...။ အခုတော့ တောထဲသွားပြီး ကြိမ်ဆွဲရမှာ အရမ်းကြောက်သွားပြီ၊ အလုပ်လည်း မလုပ်ချင်တော့ဘူး "[၈] (KWAT)*

၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင်၊ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန်ပန်ကျေးရွာတွင် ကလေးများဆော့ကစားနေသည့် နေရာအနီးတွင် မိုင်းတလုံးပေါက်ကွဲသဖြင့် ကလေး ၂ဦးသေဆုံးပြီး အခြား ၈ ဦးမှာ နမ့်ခမ်းဆေးရုံတွင် တက် ရောက်ကုသနေရသည်။

4. See, "Hundreds of Civilians Displaced in Tatmadaw Air Strike on SSPP," Network Media Group, 13 March 2019.
5. See, "More Than 200 Villagers Displaced by Fighting in Myanmar's Northern Shan State," Radio Free Asia, 28 March 2019.
6. For example, see "Tatmadaw, KIA Clashes Intensify in Northern Shan State," Kachin News Group, 13 March 2019; "New Clashes Between the KIA and Tatmadaw," Kachin News Group, 26 April 2019; "Burma Army, KIA Clash in Muse District," 22 April 2019; "Northern Alliance Members Report Multiple Clashes with Burma Army," 24 April 2019, Network Media Group.
7. For example, see, "Civilian Injured in TNLA, Tatmadaw Clash," Shan Herald News Agency, 11 March 2019; "Burma Army Launches Air Attack on SSPP Camp," Shan Herald News Agency, 13 March 2019; "More Than 200 Villagers Displaced by Fighting in Myanmar's Northern Shan State," Radio Free Asia, 23 March 2019.
8. TWO, Human Rights Bulletin, March 2019.

*"ဒီဖုံးကို ကလေးတွေ တခြားနေရာက ယူလာတာလား၊ ဒါမှမဟုတ် အရင်ကတည်းက ဖုံးက ဒီနေရာမှာရှိနေလား ဆိုတာ မသိပါဘူး "[၉] (TWO)*

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တပ်မ (၈၈) လက်အောက်ခံ ခလရ (၁၀)နှင့် TNLA အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် တပ်မတော်က နမ့်ခမ်းမြို့နယ်ရှိ နမ့်ဆရီးရွာသား ၉ ဦးအား ဖမ်းဆီးရိုက်နှက်ခဲ့သည်။

*ရွာသားတဦးက ပြောသည်မှာ "တိုက်ပွဲမှာ တပ်မတော်ဘက်က စစ်သား ၃ ဦးသေသွားတယ်။ ဒါကြောင့် သူတို့ဒေါသထွက်ပြီး ရွာသားတွေကို ဖမ်းဆီးပြီး ရွာထဲမှာနေသွားတဲ့ TNLA စစ်သားတွေအကြောင်း ပြောခိုင်းတယ်။ စစ်သားတွေက ရွာသားတွေကို ထိုးကြိတ်၊ ကန်ကျောက်ပြီး ခြိမ်းခြောက်ခဲ့ကြတယ် ။ "[၁၀] (TWO)*

အပစ်အခတ်ရပ်စဲရေးကာလအတွင်း တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တိုက်ခိုက်နေမှုနှင့်အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ အပြင် အဆိုပါဒေသတွင်း မြန်မာ့တပ်မတော်မှ တပ်နေရာတိုးချဲ့ချထားမှုကိုလည်း ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်။[၁၁] ၂၀၁၉ ခုနှစ် ဇန်နဝါရီ လမှစပြီး မြန်မာ့တပ်မတော် စစ်စခန်း ၁၂ ခုကို တိုးချဲ့တည်ဆောက်ခဲ့ပြီး စခန်း ၁၁ ခုမှာ လက်ရှိအချိန်ထိ ဆက်ရှိနေသည်။[၁၂] အသစ်တိုးချဲ့ထားသည့် တပ်စခန်းများကို လမ်းမကြီးများ တလျှောက် (သို့မဟုတ်) သဘာဝဓာတ်ငွေ့ပိုက်လိုင်းတလျှောက်နှင့် ကျေးရွာများအနီးတွင် တည်ဆောက်ထားခြင်းဖြစ်သည့် အတွက် ရွာသားများမှာ မြန်မာ့တပ်မတော်မှ စစ်သားများ၏ အကြမ်းဖက်မှုနှင့် တပ်မတော်နှင့် EAOs များအကြားတိုက်ပွဲတွင် ပိတ်မိမည်ကို စိုးရိမ်နေကြသည်။

9. TWO, Human Rights Bulletin, 27 April 2019.
10. TWO, Human Rights Bulletin, 24 April 2019.
11. See, "EAOs: Burma Army Establishes New Military Camps During Unilateral Ceasefire," Shan Herald News Agency, 7 February 2019.
12. The list of camps established according to current information include: Shan State—4 camps in the Mone Se and Ta Moe Nye sub-townships and Kutkai Township (eventually removed), 1 camp in Mine Lone sub-township, 1 camp in Namkham Township, 3 camps in Mantong Township, 1 camp in Mong Mit Township; Mandalay Region—2 camps in Mogok Township.

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ – မှတ်တမ်းတင်ထားသည့် ချိုးဖောက်မှုများ



ဧပြီလ ၂၀၁၉ က၊ ပန်ဆေးပြည်သူ့စစ်အဖွဲ့များမှ ရှမ်းပြည်နယ်၊ နောင်အန်းကျေးရွာသား တစ်ဦးအားရိုက်နှက်ထားပုံ။ ဓါတ်ပုံ (TSYU)

မြန်မာ့တပ်မတော်မှ ချိုးဖောက်မှုများအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့စစ်များမှ ချိုးဖောက်မှုများကိုလည်း ND-Burma အဖွဲ့ဝင်များအနေဖြင့် မှတ်တမ်းတင်ထားသည်။[၁၃] ဖေဖော်ဝါရီလလယ်တွင် ပန်ဆေးပြည်သူ့စစ်မှ ရှမ်းပြည်မြောက်ပိုင်းတွင် သက်ကြီးရွယ်အို နှစ်ဦးအား အပြင်းအထန် ရိုက်နှက်ခဲ့သည်။ မတ်လအစပိုင်းတွင်ရှမ်းပြည်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်ရှိရွာသုံးရွာမှရွာသားများအား KIAဖမ်းဆီးသွားသည်။ မတ်လတွင်ပင် ဖမ်းဆီးခံရသူများကို KIA က ပြန်လွှတ်ပေးခဲ့သည်။[၁၄] TWO ၏ မှတ်တမ်းများအရ ရှမ်းပြည်နယ်တွင် ဒါဖင်နှင့်ချီသည့် တအာင်းရွာသား များအား KIA မှ ဖမ်းဆီးမှုအပြင် RCSS/SSA မှလည်း ရွာသားများအား ဖမ်းဆီးခဲ့သည်။[၁၅]

၂၀၁၉ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ရှမ်းပြည်နယ်ရှိ နောင်အန်ရွာသား ၃ ဦးအား ပန်ဆေးပြည်သူ့စစ်မှ ဖမ်းဆီးနှိပ်စက်ခဲ့ပြီး တဦးမှာ အပြင်းအထန်ဒဏ်ရာရရှိပြီး နမ့်ခမ်းဆေးရုံတွင် တက်ရောက်ကုသနေရသည်။

*"သူတို့ (ပန်ဆေးပြည်သူ့စစ်) သူ့ကို (၁၆ နှစ်အရွယ် ရွာသား) ကြိုးတုတ်ပြီး ရိုက်နှက်တယ်။ သေနတ်တွေဘယ်မှာ ဝှက်ထားလဲလို့လည်း မေးတယ်။ ခြိမ်းခြောက်ပြီး ကန်ကျောက်တယ်။ သူ့ဒဏ်ရာ တော်တော်ရသွားတယ်။ "[၁၆] (TWO)*

နေ့စားအလုပ်ရှာနေသည့် နောက်ထပ် ရွာသား ၂ ဦးအားလည်း ပြည်သူ့စစ်များမှ ဖမ်းဆီး ရိုက်နှက်ကြသော်လည်း ဒဏ်ရာ မပြင်းထန်သဖြင့် ဆေးရုံတွင်ကုသရန် မလိုအပ်ပေ။

## ရခိုင်ပြည်နယ်

မြန်မာ့တပ်မတော်မှ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် တဖက်သတ်အပစ် အခတ်ရပ်စဲရေး ကြေငြာစဉ်မှာပင် ရခိုင်ပြည်နယ်တွင် တိုက်ပွဲများပြင်းထန် လာသည်။ ၂၀၁၈ ခုနှစ် နောက်ဆုံးလေးလပတ်နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါ ရီအစပိုင်းတွင် မြန်မာ့တပ်မတော်နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) ၏ စစ်ရေးအင်အားစုဖြစ်သည့် ရခိုင့်တပ်မတော် AA တို့အကြား အထူးသဖြင့် AA မှ ဘူးသီးတောင် မြို့နယ်ရှိ ရဲစခန်း ၄ ခုကို ဝင်ရောက်တိုက်ခိုက်ပြီး ၁၃ ဦးသေဆုံး၍ ၉ ဦးဒဏ်ရာရပြီးနောက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲများ တဖြည်းဖြည်းပြင်းထန်ကာ ဆက်လက်ဖြစ်ပွားနေသည်။ မြန်မာ့တပ်မတော်နှင့် AA တို့အကြား ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ အနည်းဆုံး တိုက်ပွဲ ၅၈ကြိမ်ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည် (နောက်ဆက်တွဲ ၁ ကိုကြည့်ပါ)။

13. TWO, Human Rights Bulletin, 24 February 2019.
14. TWO, Human Rights Bulletin, 10 March 2019.
15. See, "Kachin Independence Army Releases 57 Captive Villagers in Myanmar's Shan State," Radio Free Asia, 12 March 2019.
16. TWO, Human Rights Bulletin, 22 April 2019.


ဧပြီလ ၂၀၁၉ က၊ အသက် (၁၅) အရွယ် မောင်မန်းထူး သည်၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဖက်ဝန်းချောင်းရွာတွင် မြန်မာစစ်တပ်၏ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိ သွားပုံ။ ဓါတ်ပုံ (AASYC)

ဖေဖော်ဝါရီနှင့် မတ်လအတွင်း မြန်မာ့တပ်မတော်မှ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်များသို့ လေကြောင်းမှ ဗုံးကြဲခြင်း၊ အမြောက်ဖြင့်ပစ်ခတ်ခြင်းတို့ကြောင့် ဒေသခံများ စစ်ပြေးဒုက္ခသည်များအဖြစ်ဘေးလွတ်ရာ ရှောင်တိမ်းနေရသည်။[17] မတ်လလယ်တွင် မြန်မာ့တပ်မတော်မှ မြောက်ဦးမြို့တွင် စိတ်ထင်တိုင်းပစ်ခတ်သဖြင့် အမျိုးသမီးနှင့် ကလေး ၇ ဦး ဒဏ်ရာရသွားသည်။[18] တပ်မတော်မှ AA တပ်ဖွဲ့များအားတအိမ်တက်ဆင်းရှာဖွေမှုများနှင့်စိတ်ထင်တိုင်းပစ်ခတ်မှုများကြောင့်ထောင်နှင့်ချီသည့်ရွာသားများထွက်ပြေးတိမ်းရှောင်ကြရပြီး ၎င်းတို့ဘဝလုံခြုံရေးအတွက် ကြောက်ရွံ့ထိတ်လန့်နေကြသည်။[19]

ဧပြီလတွင် မြန်မာ့တပ်မတော်နှင့် AA အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး တပ်မတော်မှ အမ်းမြို့နယ်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် ရွာသားများသေဆုံး၊ ဒဏ်ရာရကြသည်။ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တရစပ်ပစ်ခတ် တိုက်ခိုက်နေမှုကြောင့်မြောက်ဦးနှင့် ဘူးသီးတောင်မြို့နယ်များရှိရာနှင့်ချီသည့်ရွာသားများ ထွက်ပြေးတိမ်းရှောင်နေရပြီး လမ်းမလျှောက်နိုင်သည့်သက်ကြီးရွယ်အိုများမှာ တိုက်ပွဲကြားပိတ်မိနေပြီး ကြက်ခြေနီမှ ကယ်ထုတ်ခဲ့ရသည်။[20] ND-Burma ၏ အဖွဲ့ဝင်ဖြစ်သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) ၏ မှတ်တမ်းများ အရ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၈ ဒီဇင်ဘာလမှစပြီး စစ်ပြေးဒုက္ခသည် ၃၁,၈၀၀ ဦးရှိပြီဖြစ်သည်။[21]


၂၀၁၉ မတ်လ ၂၁ ရက်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်တောင်ကျေးရွာတွင် မြန်မာ့စစ်တပ်က သေနတ်၊ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မိသားစုဝင် (၄) ဦးသေဆုံးသွားပုံ။ဓါတ်ပုံ (AASYC)

အဆိုပါကာလအတွင်း မြန်မာ့တပ်တော်မှ ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma အဖွဲ့ဝင်များ က မှတ်တမ်းတင်ထားသည် (နောက်ဆက်တွဲ ၂ကိုကြည့်ပါ)။ ဥပမာအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မြန်မာ့တပ်မတော်မှ ရသေ့တောင်မြို့နယ်၊ မင်းဖြူကျေးရွာသို့ စိတ်ထင်တိုင်းပစ်ခတ်သဖြင့် ၁၉ နှစ်အရွယ် အမျိုးသမီးတဦး သေဆုံးပြီး ၄ နှစ်အရွယ် ကလေးတဦးအပါအဝင်အတော်များများဒဏ်ရာရသွားသည်။[22] နောက်တရက်တွင်မြောက်

17. See, "Eight Paletwa Villages Report Damage from Fighting between Tatmadaw, AA," Khonumthung, 18 February 2019; "Entire Villages Flee as Military Launches Air Strikes on AA," The Irrawaddy, 15 March 2019.
18. See, "Rakhine Villagers Say Myanmar Army Fired Randomly on Ancient Town, Reject Firefight Claims," Radio Free Asia, 19 March 2019.
19. See, "Rakhine Villagers Flee to Temples to Escape Searches, Random Shootings by Myanmar Army," Radio Free Asia, 20 March 2019.
20. See, "Non-Stop Artillery Firing Force All Villagers to Flee," Development Media Group, 19 April 2019; "Villagers from Three Villages Flee from Non-Stop Artillery Shooting," Development Media Group, 22 April 2019; "Red Cross Saves Elders Trapped Under Artillery Fire," Development Media Group, 22 April 2019.
21. AASYC, Figure of Internally Displaced Persons (IDP) in Arakan as of April 2019, 26 May 2019.
22. AASYC, Human Rights Bulletin, 20 February 2019 (1/2).

ဦးခရိုင်ရှိ ကျောက်တော်မြို့ရှိ ၁၇ အရွယ် မောင်နိုင်နိုင်စိုးအား မြန်မာ့တပ်မတော်မှ ဖမ်းဆီးခဲ့သည်။ သူသည် ကျောက်တော်မြို့စွန်တွင် မော်တော်ဆိုင် ကယ်အား ဆီဖြည့်ပြီး ပြန်လာစဉ် ခမရ (၃၇၅) ရှေ့အရောက်တွင် ခမရ (၅၃၉ ) မှ ည နေ ၄-၅ နာရီခန့်တွင် ဖမ်းဆီးခံရခြင်းဖြစ်သည်။ သူ့အား ခမရ ၅၃၉ သို့ခေါ်သွားသော်လည်း ညတွင်းချင်းပင် ပြန်လွှတ်ပေးခဲ့သည်။ သူပြန်လွတ်လာချိန် မှစပြီး စကားကောင်းကောင်း မပြောနိုင်သလို စိတ်ပိုင်းဆိုင်ရာအရ ကြောက်ရွံ့နေသည့်အတွက် ချက်ခြင်းဆိုသလိုပင် ရန်ကုန်သို့ ဆေးကုသရန် ပို့ဆောင်လိုက်ရသည်။[၂၃] ၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဘူးသီးတောင်မြို့နယ်၊ စေတောင် ကျေးရွာသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် မိသားစုဝင် ၄ ဦးနှင့် အခြားမိသားစုမှ သက်ကြီးရွယ်အို အမျိုးသမီး တဦးသေဆုံးရသည်ကို AASYC မှ မှတ်တမ်းတင်ထားသည်[၂၄]။ ဧပြီလ ၂၇ ရက်နေ့တွင် လာကာကျေးရွာမှ ရွာသားများကို AA နှင့် ဆက်စပ်ပတ်သက်သည်ဟု သံသယဖြစ်ပြီး ဖမ်းဆီးခံသွားကာ၊ အချုပ်ခန်းအတွင်း ရွာသား၃ ဦးသေဆုံးသွား သည်။[၂၅]

ND-Burma အဖွဲ့ဝင်များအနေဖြင့် AA အဖွဲ့မှ ချိုးဖောက်မှုများကိုလည်း မှတ်တမ်းတင်ထားသည်။ ဥပမာအနေဖြင့် ဖေဖော်ဝါရီလအစောပိုင်းတွင် AA အဖွဲ့မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်ရွာမှ ကလေး ၁၇ ဦးအပါအဝင် ချင်းအရပ်သား ၅၂ ဦးကို အဓမ္မဖမ်းဆီးခြင်းမျိုးဖြစ်သည်။[၂၆]

## ယုံကြည်မှုတည်ဆောက်ခြင်းသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်



၂၀၁၉ ဖေဖော်ဝါရီ ၂၀ က၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မင်းဖူကျေးရွာရှိ အသက် ၁၉ နှစ်အရွယ် မရီရီစိုးအား မြန်မာစစ်တပ်၏ ပစ် ခတ်မှုကြောင့် သေဆုံးသွားပုံ။ ဓါတ်ပုံ (AASYC)

ပဋိပက္ခများဖြစ်ပွားလျှက်ရှိသည့် တိုင်းပြည်၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် တဖက်သတ်အပစ်အခတ်ရပ်စဲ ရေးကြေညာထားသည့်တိုင် မြန်မာ့တပ်မတော်အနေဖြင့် အနီးဝန်းကျင်မှ အရပ်သားများ ထိခိုက်မည်ကို စိုးစဉ်းမျှသာထည့်သွင်းစဉ်းစားပြီး EAOs များအား ထိုးစစ်ဆင်မှုနှင့် တိုက်ပွဲများ ဖြစ်နေသည်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။ ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA) ၏ စာရင်းအရ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရှမ်းပြည်မြောက်ပိုင်း တခုတည်းတွင်ပင် စစ်ရှောင်ဒုက္ခသည် ၁၀,၅၀၀ ကျော်ရှိနေသည်။[၂၇] ဧပြီလကုန်တွင် မြန်မာ့တပ်မတော်မှ အပစ်အခတ်ရပ်စဲရေးကာလကို နောက်ထပ် ၂ လ ထပ်တိုးခဲ့သည်။ ပဋိပက္ခဖြစ်ပွားသည့် ပုံစံနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်ခြင်း ရှိ၊ မရှိဆိုသည်ကို ဆက်လက် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် ကျူးလွန်သူများ အပြစ်ပေးအရေး ယူခံရခြင်းမှ ကင်းလွတ်နေမှုတို့ကြောင့် နစ်နာသူများအနေဖြင့် တရားမျှတမှုကိုမရရှိ

23. AASYC, Human Rights Bulletin, 22 July 2019.
24. AASYC, Human Rights Bulletin, 21 February 2019.
25. AASYC, Human Rights Bulletin, 21 March 2019.
26. "CHRO Calls on AA to Release 52 Chin Civilians," Khonumthung News, 4 June 2019.
27. See, Myanmar: New Displacement in Shan State (1 Jan to 9 Apr 2019), OCHA, 22 April 2019.

နိုင်ဘဲ၊ ၎င်းတို့နစ်နာခဲ့မှုများအတွက်လည်း ပြန်လည်ကုစားပေး လျော်မှုများ မရရှိကြပေ။ ထို့သို့ဖြစ်နေမှုက လူ့အခွင့်အရေး ကျူးလွန်ခံရသူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူများကဲ့သို့ အရေးပေါ်နှင့် သိသာထင်ရှားသည့် အကူအညီများ လိုအပ်နေသည့်တိုင် အထောက်အကူများ မရရှိနိုင်သည့် အချက်ဖြစ်နေသည်။ ကချင်ပြည်နယ် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုက်ပွဲများ အမြန်ရပ်စဲရန် လိုအပ်နေပြီး အစိုးရအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့်စနစ်နှင့် ယှဉ်တွဲသည့် ပြန်လည်ကုစားပေးလျော်မှု လုပ်ငန်းစဉ် အပါအဝင် နစ်နာသူများအတွက် လိုအပ်ချက်ကို ဦးစားပေး အကောင်အထည်ဖော် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အပစ်အခတ်ရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အားလုံးပါဝင်ရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း သို့မဟုတ် အကြောင်းအရာကိုမျှ ချန်လှပ်မထားသင့်ပေ။ မြန်မာ့တပ်မတော်နှင့် AA အကြားဖြစ်ပွားနေသည့် တိုက်ပွဲများတွင် တပ်မတော်မှ အရပ်သားများအပေါ် ပစ်မှတ်ထားပြီး မတရားဖမ်းဆီး ထိန်းသိမ်းခြင်း၊ စစ်ဆေးနေစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ကျူးလွန်နေသည်။အကျိုးဆက်အနေဖြင့်တပ်မတော်မှတခြားတိုင်းရင်းသားဒေသများတွင် ကျူးလွန်နေသကဲ့သို့ရခိုင်ပြည်နယ်တွင်လည်း ကျူးလွန်နေသည့်အပေါ် ရခိုင်ပြည်သူများမှာ စိုးရိမ်ကြောက်လန့်နေကြသည်။ ထို့ကြောင့် ရခိုင်ပြည်သူများအနေဖြင့် တပ်မတော်အပေါ်အယုံ အကြည်ကင်းမဲ့နေပြီး မုန်းတီးမှုများ ကြီးထွားလာနေမည်ဖြစ်သည်။ အဆိုပါအခြေ အနေအောက်တွင် မြန်မာပြည်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို မည်သည့်အခါမျှ ရရှိနိုင် မည် မဟုတ်ပေ။



၂၀၁၉ မတ်လ ၈ ရက်၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် စာပေါင် ကျေးရွာမှ ဦးစနေအောင် အသက် (၆၀) အား မြန်မာစစ်တပ် တပ်မ (၂၂) မှ လမ်းညွှန်အဖြစ် အတင်းအကျပ်ခိုင်းစေမှုကြောင့် မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိပုံ။ ဓါတ်ပုံ (AASYC)

မြန်မာ့တပ်မတော်အနေဖြင့် မြောက်ပိုင်းဒေသတွင် အပစ်အခတ်ရပ်စဲရေးကြေငြာခြင်းမျိုးနှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့်တခြားဆောင်ရွက်ချက်များကဲ့သို့ ငြိမ်းချမ်းရေးအား ရိုးသားမှုမရှိပဲ ကမ်းလှမ်းလုပ်ဆောင်ပါက ငြိမ်းချမ်းရေးနှင့် စစ်ပွဲများရပ်တန့်စေရန်အတွက် စစ်မှန်သည့် တိုးတက်မှုများကို ရရှိမည်မဟုတ်ပေ။ မြန်မာ့တပ်မတော်အနေဖြင့်ပြောထားသည့် အတိုင်း လက်တွေ့လုပ်ဆောင်ပါမှ ယုံကြည်မှု တည်ဆောက်နိုင်မည်ဖြစ်ပြီး ပဋိပက္ခဒေသများရှိ လူ့အသိုင်းအဝိုင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ် မံမဖြစ်ပွားစေရေးအတွက် အာမခံမှုများ တိုးချဲ့ဆောင်ရွက်ရမည် ဖြစ်သည်။

မြန်မာ့တပ်မတော်ဖက်မှ ရိုးသားသောကြိုးပမ်းအားထုတ်မှုမပါဝင်ဘဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း မည်သည့် ယုံကြည်မှု၊ မည်သည့်ခိုင်မာသောတိုးတက်မှုမှ ရှိလာလိမ့်မည်မဟုတ်ချေ။

## နောက်ဆက်တွဲ ၁။

## မြောက်ပိုင်းဒေသတွင် အပစ်အခတ်ရပ်စဲထားသည့်ကာလ ၂၀၁၉ ခုနှစ်ဇန်နဝါရီ ၁ရက်မှ ဧပြီ ၃၀ ရက်နေ့အထိ တိုက်ပွဲဖြစ်ပွားမှု (Myanmar Peace Monitor မှ ပြုစုထားသည့်စာရင်း)

| လ | တိုက်ပွဲဖြစ်ပွားသည့်အဖွဲ့အစည်း | တိုက်ပွဲအရေအတွက် |
|---|---|---|
| ဇန်နဝါရီ | တပ်မတော် | |
| | AA | ၁၅ |
| | ARSA | ၂ |
| | KNU | ၃ |
| | RCSS & SSPP | ၂ |
| | RCSS & TNLA | ၁ |
| စုစုပေါင်း | | ၂၃ |
| ဖေဖော်ဝါရီ | တပ်မတော် | |
| | MNDAA | ၂ |
| | NA-B | ၂ |
| | RCSS | ၃ |
| | AA | ၁၄ |
| | RCSS & NA-B | ၄ |
| | RCSS & SSPP | ၁ |
| | NSCN-K | ၁ |
| စုစုပေါင်း | | ၂၇ |
| မတ် | တပ်မတော် | |
| | AA | ၁၆ |
| | TNLA | ၂ |
| | KIA-TNLA | ၁ |
| | KIA | ၁ |

| လ | တိုက်ပွဲဖြစ်ပွားသည့်အဖွဲ့အစည်း | တိုက်ပွဲအရေအတွက် |
|---|---|---|
| | SSPP-TNLA | ၃ |
| | SSPP | ၄ |
| | RCSS & SSPP | ၃ |
| | RCSS & NA-B | ၃ |
| စုစုပေါင်း | | ၃၃ |
| ဧပြီ | တပ်မတော် | |
| | KIA | ၅ |
| | AA | ၁၃ |
| စုစုပေါင်း | | ၁၈ |
| စုစုပေါင်း | | ၁၀၁ |

## နောက်ဆက်တွဲ ၂။ ၂၀၁၈ ဒီဇင်ဘာ မှ ၂၀၁၉ ဇွန်လအထိ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေ ရန်ပြုမူခြင်း (AASYC မှ မှတ်တမ်း)

၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဖွန်လအတွင်း တပ်မတော်နှင့် ရခိုင့်တပ်မတော် (ULA/AA) တို့အကြား ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားရာ AASYC အနေဖြင့် လူ့အခွင့် အရေးချိုးဖောက်မှု ၂၂၂ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ တပ်မတော်အနေဖြင့် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ် စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုမူခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်း၊ အတင်းအကြပ် ပြောင်းရွှေ့စေခြင်း၊ အရပ်သားများ၏ ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း၊ မတရားဖမ်းဆီး ထိန်းသိမ်းခြင်း၊ လွတ်လပ်စွာ သွားလာခွင့်မရအောင် တားဆီးခြင်းနှင့် အင်တာနက်ဆက်သွယ်မှုကို ပလက်ဝနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြတ်တောက်ခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို တားဆီးခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်။

## သတ်ဖြတ်မှု

၂၀၁၈ ခုနှစ် ဒီဇင်ဘာ မှ ၂၀၁၉ ခုနှစ် ဖွန်လအထိ သတ်ဖြတ်မှု ၄၄ ခုကို AASYC မှ မှတ်တမ်းတင်ခဲ့ပြီး အမျိုးသား ၅၈ ဦးနှင့် အမျိုးသမီး ၁၁ ဦးတို့ အပါအဝင် အရပ်သား ၆၉ ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်များဖြစ်သည်။

အဆိုပါ ဖြစ်ရပ် ၄၄ ခုတွင် အရပ်သား ၂၇ ဦးသေဆုံးမှုရှိပြီး ၈ မှုကို မြန်မာစစ်တပ်က တိုက်ရိုက်ကျူးလွန်ခြင်း ဖြစ်ပြီး ၈ ဦး သေဆုံးမှုမှာ မည်သူ့လက်ချက်မှန်း တိတိကျကျ မထုတ်ဖော်နိုင်ပေ။ အရပ်သားအချို့မှာ တိုက်ပွဲဒေသအတွင်း မြေမြှုပ်မိုင်းနင်းမိခြင်း နှင့် မပေါက်ကွဲသေးသည့်ဗုံးများကို ထိတွေ့ရာမှ ပေါက်ကွဲသေဆုံးရခြင်းဖြစ်သည်။

## သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေ ရန်ပြုမူခြင်း

ဒီဇင်ဘာ ၂၀၁၈ မှ ဖွန် ၂၀၁၉ အတွင်း မြန်မာ့တပ်မတော်နှင့် ရခိုင့်တပ်မတော် (ULA/AA) တို့ တိုက်ပွဲဖြစ်ပွားရာ ညှဉ်းပန်း နှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ပြုမူသည့် ဖြစ်ရပ် ၅၂ ခုကို AASYC မှ မှတ်တမ်းတင်ခဲ့သည်။ ဖြစ်ရပ် ၃၀ တွင် တပ်မတော်က ရခိုင် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ အရပ်သား တံငါသည်နှင့် လယ်သမားများအားငှင်း တို့ လုပ်ငန်းခွင်တွင် အလုပ်လုပ်နေစဉ် တပ်မတော်မှ ရိုက်နှက်ခဲ့သည်ကို အတော်များများ မှတ်တမ်းတင်နိုင်ခဲ့သည်။ တပ်မတော် စစ်ကြောင်းများမှ ရခိုင်ရွာများသို့ ဝင်ရောက်လာရာတွင် စိတ်ထင်တိုင်းပစ်ခတ်ခြင်းဖြင့် အရပ်သားများ ဒဏ်ရာရရှိစေသည့် လူမဆန် စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ပြုမူကို ကျူးလွန်ကြသည်။

ထို့အပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်များတွင် မြေမြှုပ်မိုင်း များထောင်ထားသည့်အတွက် ရွာအနီးတောထဲတွင်ထင်းရှာ၊ မျှစ်ရှာထွက်သည့် အရပ်သားများမှာ ထိခိုက်ဒဏ်ရာရကြသည်။